mgyoe.com

ဖြိုးသာရ

# အနှစ်သက်ဆုံး

## စာစီစာကုံးများ

တိုင်းနှင့်ပြည်နယ်အသီးသီး၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲ
မေးခွန်းဟောင်းများမှ စာစီစာကုံးများကိုနမူနာရေးဖွဲ့ပြခြင်း



mgyoe.com

mgyoe.com



# အနှစ်သက်ဆုံး

## စာစီစာကုံးများ

pty0005

800.00 Ks

mgyoe.com

mgyoe.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၇၀၀၀၆၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၇၃၇၀၇၀၇ တို့ဖြင့်

မျက်နှာဖုံးကို ဃ.ဒ.ဝ ပြုလုပ်၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ စက်တင်ဘာလတွင် တန်ဖိုး ၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



mgyoe.com

mgyoe.com

# မာတိကာ

ကျွန်ုပ်နှစ်သက်သော ဝတ္ထုတစ်ပုဒ် ၁
၂၀၀၄ ရန်ကုန်၊ မွန်၊ ကရင်၊ တနင်္သာရီ

ကျွန်ုပ်အနှစ်သက်ဆုံး သီချင်းတစ်ပုဒ် ၁၁
၂၀၀၃ ရခိုင်၊ စစ်ကိုင်း၊ ချင်း
ကျွန်ုပ်ချစ်သော ကလေးငယ်တစ်ဦး ၁၇
၂၀၀၂ ရှမ်း၊ ကယား
စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် ၂၃
၂၀၀၂ ရခိုင်
ကျွန်ုပ်နှစ်သက်သော ရုပ်ရှင်ကားတစ်ကား ၂၉
၂၀၀၅၊ ၂၀၀၄ ရခိုင်
ကျွန်ုပ်၏ ဆရာတစ်ဦး ၃၇
၂၀၀၃ ရန်ကုန်
စွဲထင်ရစ်သောမြင်ကွင်း ၄၃
၂၀၀၅
အနှစ်သက်ဆုံး အားကစားတစ်ခု ၄၉
၂၀၀၄ ပဲခူး
ကြည့်ခဲ့ဖူးသော ပြပွဲတစ်ခု ၅၅
၂၀၀၂ မွန်၊ ကရင်၊ တနင်္သာရီ
ကျွန်ုပ်နှစ်သက်သော ဂျာနယ်တစ်စောင် ၆၁
၂၀၀၂ မကွေး

mgyoe.com

mgyoe.com

၁၂။ ကျွန်ုပ်အထူးစိတ်ဝင်စားသော ဘာသာရပ်
၂၀၀၄ ရှမ်း၊ ကယား
၁၃။ ခင်မင်လေးစားရသော ဆွေမျိုးတစ်ဦး
၂၀၀၃ ဧရာဝတီ
၁၄။ ကျွန်ုပ် ငယ်သူငယ်ချင်းတစ်ဦး
၂၀၀၄ မကွေး
၁၅။ အနှစ်သက်ဆုံး ကဗျာတစ်ပုဒ်
၂၀၀၂ မန္တလေး
၁၆။ ဆင်နွှဲခဲ့ဖူးသော ပွဲတော်တစ်ခု
၂၀၀၃ ရှမ်း၊ ကယား
၁၇။ အနှစ်သက်ဆုံးဝါသနာ
၂၀၀၅
၁၈။ အပျော်ဆုံးနေ့

mgyoe.com

mgyoe.com

## အမှာ

စာစီစာကုံးမေးခွန်းများတွင် အခါအားလျော်စွာ ပါရှိတတ်သော အနှစ်သက်ဆုံး အကြောင်းအရာတစ်ခုကို ရေးသားစေသည့် ခေါင်းစဉ်ကို ရွေးချယ်ဖြေဆိုလိုပါက ဤနမူနာပြ မေးခွန်းဟောင်းများမှ စာစီစာကုံးများကို လေ့လာထားရန် လိုပါသည်။

အနှစ်သက်ဆုံးဟူသော စကားလုံးအစား စိတ်ဝင်စားသော၊ ကြည့်ခဲ့ဖူးသော၊ မမေ့နိုင်သော စသည့် စကားလုံးများကိုလည်း သုံးစွဲလေ့ရှိပါသည်။

ဤစာအုပ်ပါ စာစီစာကုံးများမှာ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄ နှင့် ၂၀၀၅ ခုနှစ် မြန်မာတစ်ပြည်လုံးရှိ မြန်မာစာ မေးခွန်းဟောင်းများမှ ခေါင်းစဉ်ပါ စာစီစာကုံးများဖြစ်ပါသည်။

ဤနေရာတွင် အနှစ်သက်ဆုံး ပွဲတော်တစ်ခု၊ အနှစ်သက်ဆုံး ရာသီတစ်ခု၊ အနှစ်သက်ဆုံး အချိန်ကာလတစ်ခု (ဥပမာ အရုဏ်ဦး) နှင့် အနှစ်သက်ဆုံး လူပုဂ္ဂိုလ်တစ်ဦး (မိခင် သို့မဟုတ် ဖခင် သို့မဟုတ် ဆရာ)တို့ကိုမူ ကြိုတင်စဉ်းစားထားရန် လိုပါသည်။

ဤစာစီစာကုံးအမျိုးအစားသည် အဘယ်ကြောင့် နှစ်သက်ရသနည်းဟူသော အကြောင်းပြချက်ကို အဓိကထားရသဖြင့် ကျိုးကြောင်းပြ စာစီစာကုံးတစ်မျိုးဖြစ်သည်။

သို့သော် စိကာပတ်ကုံး ရေးပြရသော စာစီစာကုံးလည်း ဖြစ်သဖြင့် သရုပ်ဖော်စာစီစာကုံးတစ်မျိုးလည်း

mgyoe.com

mgyoe.com
ဖြစ်ပါသည်။ ဖတ်သူမြင်သာအောင် အစီအစဉ်တကျ ရေးပြတတ်ရန်လိုသည်။

မည်သို့ဆိုစေ ကျက်မှတ်ရန်မလိုသော၊ အရှိအတိုင်း ဖွင့်ရေးနိုင်သော၊ မိမိဆန္ဒ ထင်မြင်ချက်တို့ကို ထည့်သွင်းနိုင်သော လွတ်လပ်သည့် စာစီစာကုံးမျိုးဖြစ်ပေရာ ကျောင်းသား ကျောင်းသူများအတွက် ရေးကွက်အရဆုံးဖြစ်သည်ဟု ဆိုချင်ပါသည်။

လေ့လာကြည့်ပါစို့ .....။

ဖြိုးသာရ

mgyoe.com

mgyoe.com


ထိုဝတ္ထုလေးကို အကျနည်းပြဆရာထံမှ မဂ္ဂဇင်းငှားရင်း ဖတ်ခဲ့မိပါသည်။ ဝတ္ထု၏ ဇာတ်ကောင်မှာ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ သူသည် ဇနီး၊ သမီးနှင့် အတူနေထိုင်ပြီး သူ့မိခင်က မြေလတ်ဒေသ၌ နေသည်ဟု ဝတ္ထုထဲတွင် ရေးထားပါသည်။

သူသည် မိခင်ရှိရာသို့ ပြန်လိုသော်လည်း စရိတ်မတတ်နိုင်သဖြင့် မပြန်ဖြစ်သည်မှာ ခြောက်လခန့်ရှိပြီဟု ဆရာမောင်နွယ်အောင်(ဒဂုံဆောင်)က ရေးထားပါသည်။

သူ့အမေထံ ပြန်မည်ဆိုကာမှ သမီးဖြစ်သူက ဖျားသဖြင့် ဆေးကုလိုက်ရပြန်သည်။ အမေ့ထံသွားရန် လမ်းစရိတ်ထဲမှ ပွဲသွားရသည်ဟု ဆိုသည်။ သို့သော် ကျန်သည့်ငွေဖြင့် မဖြစ်ဖြစ်အောင် ပြန်မည်ဟု ဆုံးဖြတ်၍ ထွက်လာခဲ့လေသည်။

လမ်းခရီးတွင် ရထားရပ်ချိန်၌ လက်ဖက်ရည်ပင် ဆင်းမဝယ်ခဲ့။ နံနက်စာအဖြစ် ကောက်ညှင်းပေါင်း ဝယ်စား အိပ်လိုက်သွားသည်ဟု ဆိုသည်။ သူဆင်းရမည့်ဘူတာအရောက် ရထားပေါ်မှ ဆင်းပြီးကာမှ အမေ့အတွက် ဘာမှ မဝယ်ခဲ့ရသည်ကို တွေးမိပြီး စိတ်မကောင်းဖြစ်ရသည်။ ဘာဝယ်ရလျှင် ကောင်းမည်လဲဟု စဉ်းစားသည်။ အတွေးထဲ လက်ခနဲပေါ်လာသည်ဟု ရေးသားထားပါသည်။

ဝတ္ထုမှာ ဤအထိ ဆွဲဆောင်မှုကောင်းပါသည်။ အမေ့အတွက် တစ်ခုခုဝယ်ကန်တော့လိုသော ကျွန်တော်သည် ထိုသူ ဘာပစ္စည်းဝယ်၍ အမေကို ကန်တော့မည်လဲဆိုသည်အား အလွန်စိတ်ဝင်စားခဲ့ပါသည်။

သူ အမေ့အိမ်သို့ ရောက်သွားပြီး လမ်း၌ သူဝတ်ခဲ့သော အဝတ်အစားများကို ဖယ်ထုတ်၍ အမေ့အတွက်

mgyoe.com

mgyoe.com

## ကျွန်ုပ်နှစ်သက်သော ဝတ္ထုတစ်ပုဒ်

၂၀၀၄ – ရန်ကုန်

၂၀၀၄ – မွန်၊ ကရင်၊ တနင်္သာရီ

ကျွန်တော်အနှစ်သက်ဆုံးသော ဝတ္ထုတစ်ပုဒ်ရှိပါသည်။ ယင်းမှာ စာရေးဆရာ မောင်နွယ်အောင်(ဒဂုံဆောင်) ရေးသားသော 'အမေ့အတွက် ကျွန်တော့်ကံ' ဟူသည့် ဝတ္ထုတိုလေးတစ်ပုဒ်ဖြစ်ပါသည်။ ထိုဝတ္ထုလေးကို ဖတ်ပြီးကတည်းက ကျွန်တော်အလွန်နှစ်သက်သဖြင့် ထိုဝတ္ထုပါသော မဂ္ဂဇင်းစာအုပ်ကို အပြတ်ဝယ်ကာ သိမ်းထားခဲ့ပါသည်။

အဘယ်ကြောင့် ထိုဝတ္ထုကို နှစ်သက်ရသနည်းဆိုလျှင် ကျွန်တော်သည် ကျွန်တော့်အမေနှင့် အဝေးကြီးတွင် ခွဲခွာကာ ပညာသင်နေရသောကြောင့် ဖြစ်ပါသည်။ ကျွန်တော် ပညာသင်သောမြို့သည် တောင်စခန်းမြို့လေးဖြစ်ပါသည်။ အမြဲတမ်းအေးစိမ့်နေတတ်ပါသည်။ စတော်ဘယ်ရီသီးများ ပေါပါသည်။ မေမြို့ပန်းများ စိုက်ပျိုးကြပါသည်။ ကျွန်တော်သည် ကျောင်းမှ ပြင်ပထွက်ခွင့်ရသောနေ့များတွင် ဈေးသို့ရောက်တတ်ပါသည်။ ကျွန်တော့်အတွက် အမေပို့ပေးသော ပိုက်ဆံဖြင့် လိုအပ်သည်များ ဝယ်ပါသည်။ ဝယ်စရာတွေကများ၍ တိုင်းတာနေရတတ်ပါသည်။ ထို့ကြောင့် အမေ့အတွက် ကျွန်တော်တစ်ခါမျှပင် အမှတ်တရ တစ်စုံတစ်ရာ မဝယ်ဖြစ်ခဲ့ပါ။

mgyoe.com

mgyoe.com


လက်ဆောင်ကို ပေးလိုက်လေသည်။ အမေက လှမ်းယူ၍ ဖြန့်ကြည့်သည်။ ပြီးတော့ အမေပြုံးသည်။ ထိုအပြုံးသည် ပီတိပြုံး။ ကျေနပ်မှု ပြည့်ရွှန်းနေသည့် အပြုံးလက်ဆောင်ဟု ဆိုသည်။

အမေက တစ်လုံးချင်းဖတ်သည်။ 'အမေ့အတွက် ကျွန်တော့်ကံ'ဟု ရေးထားသည်ကို တွေ့ရသည်။ အမေမျက်ရည်ဝဲလာသည်။ ကြည်နူး၍ဝဲသော မျက်ရည်ဖြစ်သည်ကို သူကောင်းကောင်းသိသည်ဟု ရေးထားပါသည်။

ဝတ္ထုက ပြီးသွားပါပြီ။ နောက်ဆုံးသည် ဝတ္ထု၏ အသက်ဖြစ်သည်။ ယင်းမှာ 'သည်ထီလက်မှတ်ပေါက်ဖို့ မလိုပါ'ဟူ၍ဖြစ်သည်။

ကျွန်တော်သည် ဝတ္ထုလေးကို ဖတ်ပြီး မျက်ရည်များကျလာပါသည်။ ဝတ္ထုထဲက လူငယ်အမေသည် ဘာကြောင့် ပီတိပြုံးရပါသနည်း။ စဉ်းစားကြည့်တော့ အဖြေရပါသည်။ ငွေကြေးမတတ်နိုင်ရှာသော သားတစ်ဦး၏ ကျေးဇူးသိတတ်မှုကို အသိအမှတ်ပြု ကြည်နူးခြင်းကြောင့် ဖြစ်သည်။ အမေတိုင်းသည် ထိုသဘောထားမျိုးရှိကြမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

အမေဆိုသည်မှာ သားသမီးများထံမှ မေတ္တာကိုသာ လိုလားတတ်ကြောင်း စာရေးသူက သရုပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ အမေဟူသည် စားရစေ၊ သောက်ရစေ၊ ဝတ်ရစေ မျှော်ကိုး၍ သားသမီးများကို မွေးဖွားစောင့်ရှောက်ခဲ့သည်မဟုတ်ကြောင်း ဤဝတ္ထုလေးက ကောင်းစွာ မီးမောင်းထိုးပြခဲ့ပါသည်။ ထို့ကြောင့် ဤဝတ္ထုတိုလေးကို ကျွန်တော် အနှစ်သက်ဆုံးဖြစ်ပါသည်။

●

mgyoe.com

mgyoe.com


## အနှစ်ချုပ်

ဤစာစီစာကုံးမျိုးကို ဖြေဆိုနိုင်ရန် ဖတ်ခဲ့ဖူးသော ဝတ္ထုတိုလေးများထဲမှ တစ်ပုဒ်ကို ကြိုတင်ရွေးချယ်၍ အသေးစိတ်မှတ်သားထားပါ။

စာရေးဆရာအမည် မမေ့ပါနှင့်။

ဝတ္ထုခေါင်းစဉ်မမေ့ပါနှင့်။

ဘာကြောင့် နှစ်သက်ရသည်ကို ရေးပါ။

ဘာသင်ခန်းစာရသနည်းရေးပါ။

ဘယ်လိုခံစားရသည်ကိုလည်း ရေးပါ။

ဝတ္ထုဇာတ်လမ်းကို အတိုချုပ်၍ အစီအစဉ်တကျ ရှင်းပြပါ။

အချို့စိတ်ဝင်စားဖွယ်စာကြောင်းများပါလျှင် ပြန် ချရေးပြပါ။

ဤစာစီစာကုံးမျိုးသည် ပြင်ပစာဖတ်ကျင့်မရှိ သော သူတို့အတွက် အလွန်ခက်တတ်ပါသည်။ နမူနာ ကို လေ့လာပါ။

mgyoe.com

mgyoe.com

## ကျွန်ုပ်လေးစားရသူတစ်ဦး

၂၀၀၂ ကချင်

ကျွန်ုပ်လေးစားရသော သူတစ်ဦးဟူသော ခေါင်းစဉ်ကို မြင်လိုက်သည်နှင့် ကျွန်မ သူ့ကို ပြေး၍မြင်လိုက်မိပါသည်။ သို့သော် သူ့ကို ကျွန်မ ဓာတ်ပုံများ၊ ရုပ်မြင်သံကြားဖန်သားပြင်များတွင်သာ တွေ့ဖူးခြင်းဖြစ်ပါသည်။ သူ့အကြောင်း ကြားခဲ့ဖူးသည်၊ ဖတ်ခဲ့ဖူးသည်။ သူနှင့်ပတ်သက်သည့် 'ချစ်သမီးသို့' စာအုပ်ကို ကျွန်မ၏ ဖေဖေက ကျွန်မဖတ်ရန် ဝယ်ပေးဖူးသည်။ ထိုစာအုပ်သည် သူ့အတွက် သူ့ဖခင်က ရေးသားထားသော စာများ ကို စုစည်းထားခြင်းဖြစ်သည်။ သူသည် သူ့ဖခင်၏ သွန်သင်မှုများဖြင့် လူလားမြောက်ကာ မွေးခံထိုက်သူဖြစ်ခဲ့သည်။

သူကား အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ် မစ္စက်အင်ဒီရာဂန္ဒီဖြစ်သည်။

'ငါတို့နိုင်ငံကို လက်နက်ဖြင့် အနိုင်ယူသိမ်းပိုက်သော ဗြိတိသျှအစိုးရသည် မတရားအစိုးရ၊ မတရားအစိုးရ၏ရုံးများကို ငါတို့ အသိအမှတ်မပြု၊ ငါတို့ ဘာမှ လျှောက်လဲရန်မလို'ဟု ဆိုခဲ့သူကား မိုတီလာနေရူးဖြစ်သည်။ သူက အင်ဒီရာဂန္ဒီ၏ အဘိုးဖြစ်သည်။ အင်္ဂလိပ်ကိုလိုနီလက်အောက် တရားခွင်တွင် ရဲရဲတောက်စကားကို ဆိုခဲ့သူဖြစ်သည်။ အင်ဒီရာဂန္ဒီသည် ဘိုးဘိုးမိုတီလာ၏ အဆုံးအမကို ဦးထိပ်ထားခဲ့သူဖြစ်သည်။ သူ့ဘိုးဘိုး

mgyoe.com

mgyoe.com

က 'ငါ့မြေး၊ ရဲစိတ်မွေး၊ ဘိုးဘိုးနဲ့ခွဲရရင်လည်း မငိုနဲ့၊ မင်းဖေဖေနဲ့ ခွဲရရင်လည်း မငိုနဲ့၊ ရဲရင့်စမ်းပါ အင်ဒီရာ' ဟု ဆိုခဲ့သည်။

သူ့ဖေဖေက ဂျဝါဟာလာနေရူးဖြစ်သည်။ အင်ဒီရာ သုံးနှစ်သမီးအရွယ်တွင် သူ့ဖေဖေကို အင်္ဂလိပ်တို့က ထောင်ချခဲ့သည်။ သူတို့အိမ်သို့လာ၍ အဖိုးတန်ပရိဘောဂများကို သိမ်းယူခဲ့ကြသည်။ အင်ဒီရာက ပုလိပ်များကို လက်သီးဖြင့် လိုက်ထုခဲ့ရှာသည်။ ထို့ကြောင့် အင်ဒီရာဂန္ဒီ၏ နိုင်ငံရေးဘဝသည် သုံးနှစ်သမီးအရွယ်ကတည်းက စခဲ့သည်ဟု ဆိုကြခြင်းဖြစ်သည်။

အင်ဒီရာ ၁၃ နှစ်မြောက်မွေးနေ့တွင် သူ့ဖေဖေက ထောင်တွင်းမှ စာရေးသည်။ ထိုမွေးနေ့လက်ဆောင်စာတွင် 'သမီး သတိရသေးရဲ့လား၊ တစ်ခါက ဂျုံးအော့ဖ်အာ့ခ်အကြောင်း သိပ်စိတ်ဝင်စားစရာကောင်းတာပဲလို့ ဖေဖေပြောခဲ့တာလေ'ဟုပါရှိသည်။ ပြင်သစ်အမျိုးသမီးခေါင်းဆောင်ဖြစ်ပြီး မီးလောင်တိုက်အသွင်းခံရသူ ဂျုံးကို အားကျစေရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဖခင်မှသာမက အင်ဒီရာသည် သူ့ဘွားဘွား၏ သတ္တိသွေးကိုလည်း အမွေရရှိခဲ့သူဖြစ်သည်။ သူ့အဘွားသည် အင်္ဂလိပ်စစ်ပုလိပ်များ၏ ရိုက်နှက်မှုကြောင့် မြေကြီးပေါ် လဲကျခေါင်းကွဲခဲ့သည်။ 'ဘွားဘွား အရိုက်ခံရတာ သတင်းစာတွေထဲမှာ ငါ့မြေးတွေ့ပြီး ဖြစ်လိမ့်မယ်၊ ခုတော့ ပတ်တီးစည်းထားပြီးပြီ၊ ပုလိပ်ရဲ့ တုတ်တွေကြားထဲမှာ ချီတက်ရတာ ပျော်စရာကြီးမြေးရယ်'ဟူသောစာသည် အင်ဒီရာ အမွေရခဲ့သော သတ္တိသွေးဖြစ်သည်။

အင်ဒီရာဂန္ဒီသည် ဗြိတိသျှလက်အောက် ဂျွန်

mgyoe.com

mgyoe.com


ဘဝ၌ အိန္ဒိယပြည် အလူးအလဲခံခဲ့ရစဉ်၌ လူဖြစ်ခဲ့သူ ဖြစ်သည်။ မျိုးရိုးစဉ်ဆက် သတ္တိသွေးဖြင့် နယ်ချဲ့ကို တိုက်ခိုက်တော်လှန်ခဲ့ကြသည့် ပြည်သူချစ်သော ခေါင်းဆောင်မိသားစုဖြစ်သည်။ အင်ဒီရာသည် ပုလိပ်တို့၏ တုတ်ချက်များ ကျောပြင်ပေါ် ကျနေသည့်တိုင် နိုင်ငံတော် အလံကို မလွှတ်တမ်း လွှင့်ထူရင်း 'တို့အလံတော် တည်မြဲပါစေ'ဟု ကြွေးကြော်ခဲ့သူဖြစ်သည်။ သေနတ်ပြောင်းဝတည့်တည့်တွင် ရပ်ကာ 'အင်္ဂလိပ်တွေ ထွက်သွား၊ အိန္ဒိယကို လက်လွှတ်'ဟု တရားဟောခဲ့သူဖြစ်သည်။ ထောင်အလီလီချခံခဲ့ရပြီး ၁၉၆၇ ခုနှစ်တွင် အိန္ဒိယဝန်ကြီးချုပ်အဖြစ်သို့ ထိုက်တန်စွာ ရွေးကောက်ခံခဲ့ရသည်။

ဝန်ကြီးချုပ်ဘဝတွင် သူသည် နိုင်ငံအတွက် အလုပ်နှင့် လက်မပြတ်ခဲ့ပေ။ ပြဿနာတွေ မကြာခဏ ရင်ဆိုင်ခဲ့ရသည်။ ထောင်ထဲသို့ ဝင်လိုက် ထွက်လိုက် ဖြစ်ခဲ့ရသည်။ အိန္ဒိယဝန်ကြီးချုပ်ဘဝနှင့်ပင် ကွယ်လွန်ခဲ့သည်။ ဝမ်းနည်းဖွယ် လုပ်ကြံခံလိုက်ရခြင်းကြောင့် ဖြစ်သည်။ သူ မကွယ်လွန်မီ နောက်ဆုံးမိန့်ခွန်း၌ "ကျွန်မ အသက်ရှည်ရှည်နေဖို့ စိတ်မဝင်စားဘူး၊ ကြောက်လည်း မကြောက်ဘူး၊ တိုင်းပြည်တာဝန် ထမ်းဆောင်နေတုန်း အသက်စွန့်ဖို့လည်း ဝန်မလေးဘူး၊ ဒီနေ့ ကျွန်မသေသွားရင် ကျွန်မသွေးစက်တိုင်းဟာ ဒီတိုင်း ပြည်ကြီးကို ပိုမိုကြံ့ခိုင်သန်စွမ်းလာစေလိမ့်မယ်"ဟု ပါရှိ ခဲ့သည်။

အင်ဒီရာဂန္ဒီသည် ကျွန်မ အလေးစားရဆုံး အနှစ်သက်ဆုံးသော အမျိုးသမီးကြီးတစ်ဦးဖြစ်ပါသည်။ နယ်ချဲ့ကို တွန်းလှန်ရဲသော သတ္တိသွေးတို့ဖြင့် မိဘဘိုးဘွား အဆုံးအမများကို နာယူလျက် တိုင်းပြည်အပေါ်

mgyoe.com

mgyoe.com

တာဝန်ကျေခဲ့သော အင်ဒီရာဂန္ဒီသည် အလွန်လေးစားဖွယ် မိန်းမသားတစ်ဦးပင် ဖြစ်ပါသည်။ ကျွန်မတို့သည် သူ့အကြောင်း တစ်ဆင့်စကား၊ တစ်ဆင့်စာများဖြင့်သာ သိခဲ့ကြရသော်လည်း သူ့ကို လေးစားစွာ ဂါရဝပြုသင့်ပါသည်။ ဂုဏ်ပြုသင့်ပါသည်။ တိုင်းပြည်ကို ချစ်စိတ်အား အတုယူသင့်ပါသည်။ သူကား ကျွန်မတို့ မိန်းကလေးများ၏ မျိုးချစ်စိတ်ဓာတ် နိုးကြားတက်ကြွရေးကို လမ်းပြရှေ့ဆောင် သင်ကြားပေးခဲ့သော လေးစားဖွယ် ပုဂ္ဂိုလ်တစ်ဦးပင် မဟုတ်ပါလော။

mgyoe.com

mgyoe.com


## အနှစ်ချုပ်

ဤစာစီစာကုံးကို ဖြေဆိုနိုင်ရန် ကမ္ဘာတွင်သော (သို့မဟုတ်) မြန်မာ့ရာဇဝင်သမိုင်းတွင်သော ပုဂ္ဂိုလ်တစ်ဦးကို စေ့စေ့စပ်စပ် လေ့လာမှတ်သားထားရန် လိုပါသည်။

မည်သည့်နယ်ပယ်မှမဆို ရေးနိုင်ပါသည်။ လေးစားဖွယ်ဟု ဆိုသောကြောင့် လေးစားထိုက်သောသူ ဖြစ်ရပါမည်။ အနှစ်သက်ဆုံး ပုဂ္ဂိုလ်တစ်ဦးဟု မေးလျှင်လည်း ရေးနိုင်ပါသည်။

ဘာကြောင့် နှစ်သက်ရသည်၊ လေးစားရသည်ကို စာစစ်သူ၊ ဖတ်သူ လက်ခံလာအောင် ရှင်းလင်းပေးရန် လိုပါသည်။

ဤနမူနာစာစီစာကုံးကို လေ့လာကြည့်ပါ။ အလားတူ လေးစားဖွယ်ပုဂ္ဂိုလ်များစွာ ရှိပါသည်။ ဤစာစီစာကုံးအတွက် (လူမသိ သူမသိ) မိမိတစ်ဦးတည်းအတွက် လေးစားရသောသူမျိုးကို ဖြေဆိုရန်မသင့်ပါ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကျွန်ုပ်အနှစ်သက်ဆုံး သီချင်းတစ်ပုဒ်

**၂၀၀၃ ရခိုင်**

**၂၀၀၃ စစ်ကိုင်း၊ ချင်း**

ကျွန်တော် အနှစ်သက်ဆုံးသီချင်းမှာ နိုင်ငံတော်သီချင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် သီချင်းများစွာကို နေ့စဉ်နှင့်အမျှ ကြားနေကြရပါသည်။ ကျွန်တော်တို့ မမီလိုက်သော ရှေးခေတ်သီချင်းကြီးများ၊ ကျွန်တော်တို့ မမီလိုက်သော ရေဒီယိုခေတ်ပြားတေးသီချင်းများ၊ ကျွန်တော်တို့ မမီလိုက်သော စတီရီယိုခေတ်ဦးတေးများအား အခါအားလျော်စွာ ပြန်ဆိုတေးများအဖြစ် ကြားရပါသည်။ ယနေ့ခေတ်ပေါ် အဆိုတော်များစွာ၏ သီချင်းအမျိုးမျိုးကိုမူ အိမ်တွင် ဖွင့်၍နားထောင်ရပါသည်။ ထိုသို့များစွာသော သီချင်းများအနက် ကျွန်တော် အနှစ်သက်ဆုံးမှာ နံနက်ကျောင်းတက်လျှင် တက်ချင်း သီဆိုရသော မြန်မာနိုင်ငံတော်၏ သီချင်းသာဖြစ်ပါသည်။

ကျွန်တော်သည် မြန်မာနိုင်ငံတွင် မွေးဖွားသော မြန်မာတိုင်းရင်းသားတစ်ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကျွန်တော်၏ ဇာတိမြေ၊ ကျွန်တော့်ကို လူလားမြောက်စေခဲ့သောမြေ၊ ကျွန်တော့်ကို ပညာရည်နို့ တိုက်ကျွေးခဲ့သော မြေ၊ ကျွန်တော်တို့ကို သာယာချမ်းမြေ့စွာ ရှင်သန်နေထိုင်ခွင့်ပေးသော မြေဖြစ်ပါသည်။ 'တရားမျှတ လွတ်လပ်ရေး'နှင့် 'အများပြည်သူခပ်သိမ်း ငြိမ်းချမ်းစေဖို့ စိတ်တူညီမျှ ဝါဒတူညီသည့်မြေ'ဟူသည့် တေးသီ

mgyoe.com

mgyoe.com


ချင်းစာသားနှင့် ကိုက်ညီသော ကျွန်တော်တို့ပိုင်ဆိုင် သည့် မြေဖြစ်ပါသည်။

ဤမြေသည် ကျွန်တော်တို့၏ ဘိုးဘွားအမွေ အနှစ်ဖြစ်ပါသည်။ တစ်ချိန်က နယ်ချဲ့လက်ပါးစေတို့၏ စိုးမိုးချယ်လှယ်မှုအောက်တွင် ကျွန်တော်တို့၏ ဘိုးဘွားဘီဘင်များ အလူးလူးအလိမ့်လိမ့်ဖြင့် နှိမ်ချခံလာခဲ့ ကြရသည်။ သူ့ကျွန်မခံပြီ စိတ်ဓာတ်ဖြင့် ရရာလက်နက် စွဲကိုင်၍ နယ်ချဲ့ကို တွန်းလှန်ကာ လွတ်လပ်ရေးတိုက်ပွဲ ဝင်ခဲ့ကြသည်။ ဤသည်ကို မမေ့လျော့စေရန် နိုင်ငံတော် သီချင်းက 'ကမ္ဘာမကြေ၊ မြန်မာပြည်၊ တို့ဘိုးဘွား အမွေ အနှစ်မို့ ချစ်မြတ်နိုးပေ'ဟု သီကျူးထားခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမွေ အနှစ်စစ်စစ်ကို ချစ်မြတ်နိုးကြရပါမည်။

မြန်မာနိုင်ငံတွင် တိုင်းနှင့်ပြည်နယ် ၁၄ ခုရှိပါ သည်။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည် နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည် နယ်တို့ ဖြစ်ပါသည်။ လူမျိုးပေါင်း ၁၃၅ မျိုးရှိပါသည်။ အဓိကမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းတို့ ဖြစ်ပါသည်။ အားလုံးသည် ပြည်ထောင် စုမြန်မာနိုင်ငံဟူသည့် မိသားစုဝင်များ ဖြစ်ကြပါသည်။ တိုင်းနှင့် ပြည်နယ်များ စုစည်းထားသော ပြည်ထောင် စုကြီးကို တိုင်းရင်းသားတိုင်းက ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြရပါမည်။ ရရှိထားသော လွတ်လပ်ရေး ကြီး တည်တံ့ခိုင်မြဲအောင် အသက်ပေး၍ ကာကွယ်ကြ ရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုလွတ်လပ်ရေး

mgyoe.com

mgyoe.com


ကြီးသည် ဘိုးဘွားတို့၏ အသက်၊ သွေး၊ ချွေးပေါင်းများ စွာဖြင့် ရင်းနှီးယူထားရခြင်းကြောင့်ပေတည်း။ 'ပြည် ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ'ဟူသော တေးသွားက မီးမောင်းထိုးပြ တာဝန်ပေးနေသည့်နှယ် ဖြစ်ပါသည်။

ကျွန်တော့်မေမေက ပြောပြခဲ့ဖူးပါသည်။ ကမ္ဘာ ပေါ်တွင် လူမျိုးနှင့် နိုင်ငံသည် အစဉ်အမြဲ ဒွန်တွဲနေရ မည်ဖြစ်ကြောင်း၊ လူမျိုးရှိပါလျက် နိုင်ငံမရှိခဲ့သော ဂျူး သန်းပေါင်းများစွာတို့သည် ဒုတိယကမ္ဘာစစ်အတွင်း ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရကြောင်း၊ လူမျိုးတစ်မျိုးကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်သည်မှာ သူတို့ ပိုင်ဆိုင် မှီတင်းနေထိုင်ရာ နိုင်ငံ၏ အဝန်းအဝိုင်းဖြစ်ကြောင်း မေမေက ရှင်းပြခဲ့ပါသည်။ ကျွန်တော်တို့သည် မြန်မာ နိုင်ငံအတွင်း၌ နေထိုင် ပညာသင် အလုပ်လုပ်ကြမည် ဆိုလျှင် မည်သည့်တိုင်းတစ်ပါးသားကမျှ မစော်ကား ရန်မပြုနိုင်ပါ။ 'ဒါတို့ပြေ၊ ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ'ပင် ဖြစ်ပါသည်။

တစ်ခါက မြန်မာနိုင်ငံကိုယ်စားပြု၍ နိုင်ငံတကာ နှင့် အားကစားယှဉ်ပြိုင်ပွဲသွားခဲ့သူ အစ်ကိုကြီးတစ်ဦးက ကျွန်တော့်ကို ပြောပြပါသည်။ မြန်မာများ ရွှေတံဆိပ်ဆုရ ၍ ဆုယူရသောအခါ မြန်မာနိုင်ငံတော်အလံကို လွှင့်ထူ ၍ နိုင်ငံတော်သီချင်းကို နောက်ခံတီးလုံးဖြင့် လွှင့်ထုတ် ပေးသည်ဟု ဆိုပါသည်။ ထိုအချိန်တွင် မြန်မာတို့သည် သီချင်းကို နှုတ်တိုက်လိုက်ဆိုကြပြီး အလံတော်ကို အလေးပြုကြသည်။ မြန်မာအားလုံးတွင် ဇာတိသွေးတို့ နိုးထကာ ကြက်သီးမွေးညင်းများ ထလာပြီး ကိုယ့်နိုင်ငံ အပေါ် ချစ်ခင်တွယ်တာ မြတ်နိုးစိတ်များ တဖွားဖွားပေါ် ပေါက်လာသည်ဟု ဆိုပါသည်။ မြန်မာ့ဂုဏ်ဆောင် အား

mgyoe.com

mgyoe.com


ကစားမောင်မယ်များသည် နိုင်ငံတော်အကျိုးကို သယ်ပိုးခဲ့ကြသူများဖြစ်ပေသည်။

နိုင်ငံသားတစ်ဦးဖြစ်လာလျှင် နိုင်ငံ၏အကျိုးကို ထမ်းဆောင်ရမည်မှာ ဘ၀ပေးတာ၀န်ပင်ဖြစ်သည်။ ကျွန်တော်တို့ကို လုံခြုံချမ်းမြေ့စွာ ပညာသင်ပေးခဲ့သော နိုင်ငံတော်၏ အကျိုးစီးပွား ဂုဏ်သိက္ခာအတွက် ကျွန်တော်တို့တွင် တာ၀န်ရှိသည်ကို နိုင်ငံတော်သီချင်းက သတိပေးလျက်ရှိပေသည်။ 'တို့ပြေ၊ တို့မြေ အကျိုးကို ညီညာစွာတို့တတွေ'ဟု ဆိုထားပေသည်။

သီချင်းစာသားများသည် အနှစ်သာရ အလွန်ပြည့်၀စွာရှိနေပါသည်။ နိုင်ငံတော်သီချင်းသည် နိုင်ငံတော်ကို ချစ်မြတ်နိုးစေရန် နှိုးဆော်ထားသည်။ တရားမျှတသော လွတ်လပ်ရေးကို ထိန်းသိမ်းကြရန် တိုက်တွန်းထားသည်။ စိတ်တူကိုယ်တူ ၀ါဒတူညီစွာဖြင့် စည်းလုံးညီညွတ်ကြရန် သတိပေးထားသည်။ မိဘ ဘိုးဘွားတို့၏ အမွေအနှစ်ကို မယုတ်လျော့စေဘဲ တိုးတက်ပွားများအောင် ဆောင်ရွက်ကြရန်တာ၀န်ပေးထားသည်။ ပြည်ထောင်စုကြီးအတွက် အသက်ပေးကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြထားသည်။ နိုင်ငံတော်၏ အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ကြမည်ဟု အဓိဋ္ဌာန်ပြုထားသည့် အကောင်းဆုံးသော တေးသီချင်းဖြစ်ပေရာ ကျွန်တော်သည် မြန်မာနိုင်ငံတော်သီချင်းကိုသာလျှင် အနှစ်သက်ဆုံးဖြစ်ပါသည်။

နိုင်ငံတော်သီချင်းကို သီဆိုရတိုင်း နိုင်ငံချစ်စိတ်၊ နိုင်ငံ့တာ၀န်ကို ထမ်းရွက်လိုစိတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်နိုးထလာပါတော့သည်။

●

mgyoe.com

mgyoe.com


## အနှစ်ချုပ်

ဤစာစီစာကုံးအတွက် အသင့်လျော်ဆုံးမှာ ဤတေးသီချင်းဖြစ်ပါသည်။ အခြားတေးသီချင်းများထက် အမှတ်ပိုရနိုင်ပြီး ချဲ့ရေးမည်ဆိုလျှင် အချိန်ရသလောက် ရေးကွက်များစွာရှိသော သီချင်းဖြစ်သည်။

ကျောင်းသားများသည် စာစီစာကုံးကို ရွေးချယ်ရာ၌ (၁) စဉ်းစားရလွယ်သော၊ (၂) ရေးကွက်ကောင်းသော၊ (၃) ဖတ်သူနှစ်သက်နားလည်စေနိုင်သော အကြောင်းအရာကို ဦးစားပေးသင့်ပါသည်။

အများနှင့်သက်ဆိုင်သော အကြောင်းအရာကို ရည်ညွှန်းရေးသားရန်လိုပါသည်။ မိမိအနှစ်သက်ဆုံးဟူသောအရာသည် မိမိတစ်ဦးတည်း၏ ခံစားမှုသက်သက်မဖြစ်စေဘဲ အများက လက်ခံနိုင်သော ရွေးချယ်မှုဖြစ်ရန် လိုပါသည်။

နိုင်ငံတော်သီချင်းထက်ကောင်းသော သီချင်းမရှိနိုင်ဟု ဆိုပါရစေ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကျွန်ုပ်ချစ်သော ကလေးငယ်တစ်ဦး

### ၂၀၀၂ ရှမ်း၊ ကယား

ကျွန်မ ကျော်ကျော်လေးကို အလွန်ချစ်သွားပါသည်။ သူသည် ကျွန်မအား သင်ခန်းစာတစ်ပုဒ်ကို လှလှပပ ပို့ချပေးခဲ့သည်။ သူ့အကြောင်းကို ပြောပြမိတိုင်း ကျွန်မ မျက်ရည်လည်စွာ ခံစားရပါသည်။ သူကား ဒုတိယတန်း ကျောင်းသားကလေးတစ်ဦးဖြစ်ပြီး ကျွန်မ မေမေနှင့် သူ့မေမေတို့သည် သူငယ်ချင်းများဖြစ်ပါသည်။ သူကတော့ ကျွန်မ၏ ဆရာဟုဆိုလျှင် မမှားပါ။

ပြီးခဲ့တဲ့နှစ်နှစ် ကျော်ကျော့်ကို ကျွန်မတို့ကျောင်းတွင် သူ့မေမေက လာ၍အပ်ပါသည်။ ကျော်ကျော် ကျောင်းအပ်သည့်နှစ်တွင် သူ့မေမေနှင့် ဖေဖေသည် ကျွန်မတို့ ကျောင်းကြီး၏ ဝင်ပေါက်တံခါးမကြီးကို ပြုပြင်၍ အသစ်ဆောက်လုပ် ကမ္ပည်းထိုးလှူဒါန်းခဲ့ပါသည်။ ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆုပေးပွဲနှင့် မိဘဆရာအသင်းအစည်းအဝေးတွင် ကျော်ကျော်၏ မိဘများကို ဂုဏ်ပြုခဲ့ပါသည်။

ကျော်ကျော်၏နာမည်ကို ကျွန်မတို့ နေ့စဉ် ကျောင်းအဝင်ဝတံခါးကြီးတွင် တွေ့မြင်ရသကဲ့သို့ ကျောင်းဝင်းထဲ၌လည်း ကျော်ကျော့်ကို မကြာခဏတွေ့ရပါသည်။ ကျော်ကျော်သည် လိုလေသေးမရှိသော ပံ့ပိုးမှုဖြင့် ကျောင်းတက်ခွင့်ရသော ကလေးတစ်ဦးဖြစ်ပါသည်။ ကျောင်းဆင်းလျှင် သူ့ဖေဖေက ပါဂျဲရိုးကားကြီး

mgyoe.com

mgyoe.com

ဖြင့် သူ့ကို လာကြိုပါသည်။ သူ့မေမေပါလာသည့်အခါ ကျွန်မနှင့်တွေ့လျှင် ကျွန်မမေမေကို မေးတတ်ပါသည်။ ကျော်ကျော်လေးကို ကျောင်းတွင်းမှာ စောင့်ရှောက်ရန် မှာတတ်ပါသည်။

ကျော်ကျော့်ကို ကျွန်မ သွားကြည့်ဖူးပါသည်။ သူ့ကို အတန်းပိုင်ဆရာမကိုယ်တိုင်ကြီးကြပ်၍ ထမင်းစားစေသည်ကို တွေ့ရပါသည်။ မုန့်စားကျောင်းဆင်းချိန်တွင်လည်း ကျော်ကျော် မုန့်ဈေးတန်းသို့ မလာတတ်ပါ။ ကျောင်းသားကြီးများနှင့် တိုးဝှေ့ရမည်စိုးသဖြင့် အတန်းတွင်းသို့ မှာယူစားစေပါသည်။ သူ့တွင် စားစရာများစွာလည်း အိမ်မှပါလာတတ်ပြီး သူ့နဘေးတွင် သူငယ်ချင်းများစွာ ဝိုင်းနေတတ်ပါသည်။

ကျွန်မ၏မေမေကို ကျော်ကျော့်အကြောင်း ပြောပြသောအခါ မေမေက ဤသို့ဖြစ်ခြင်းမှာ မကောင်းကြောင်းပြောပါသည်။ ပြည့်စုံစွာနေရသော ကလေးတစ်ယောက်သည် လောကဓံကို ခံနိုင်ရည်ရှိလာနိုင်မည်မဟုတ်ဟု ဆိုပါသည်။ ကျွန်မတို့ မောင်နှမများသည် ငယ်စဉ်ကတည်းက မေမေ၏ အုပ်ထိန်းမှုအောက်တွင် ချိုးခြံချွေတာနေခဲ့ကြရပါသည်။ ပိုက်ဆံ၏ တန်ဖိုးကိုသိရန် ဖေဖေ့အလုပ်ခွင်သို့ ကျွန်မတို့ကို ခေါ်ပြခဲ့ပါသည်။ မိဘ၏ ကျေးဇူးမေတ္တာကို နားလည်ရန် အထပ်ထပ်သွန်သင်ခဲ့ပါသည်။

ကျော်ကျော်၏ မိဘများကတော့ ထိုသို့မဟုတ်ဟု မေမေက ပြောပါသည်။ ကျော်ကျော်လိုလျှင် ချက်ချင်းဝယ်ပေးကြသည်။ ကျော်ကျော်တစ်ယောက်တည်း၏ တစ်နေ့အသုံးစရိတ်သည် ကျွန်မတို့ မိသားစု၏ တစ်နေ့ကုန်ကျစရိတ်နှင့်တူသည်ဟု ဆိုပါသည်။ကလေး

mgyoe.com

mgyoe.com


တစ်ယောက်ကို ပိုက်ဆံတွေ ဒီလောက်ပေးမသုံးသင့်ဘူး ဟုလည်း မေမေကပြောပါသည်။ မေမေက တစ်နေ့တွင် ကျော်ကျော့်မေမေအား ကျွန်မရှေ့၌ သတိပေးခဲ့ပါသည်။ ကျော်ကျော့်မေမေက သူ့တွင် ဤသားလေးတစ်ယောက် သာရှိကြောင်း၊ သူ ကလေးလည်းထပ်မရနိုင်တော့ ကြောင်း၊ ဤကလေးသည် သူ့အသက်ဖြစ်ကြောင်း၊ သူ တို့ ရှာဖွေနေသည်မှာ ဤကလေးအတွက်သာဖြစ် ကြောင်း၊ ကလေးမျက်နှာကို လုံးဝအညှိုးမခံနိုင်ကြောင်း ပြန်ပြောပါသည်။

ကျွန်မကတော့ ကျော်ကျော်လေးကို ချစ်ပါသည်။ သူ့တွင် လောဘမရှိပါ။ မရှိရအောင်လည်း လိုသည် ထက်ပို၍ ပြည့်စုံနေသူဖြစ်ပါသည်။ သူ့တွင် ဒေါသမရှိ ပါ။ သူနှင့် ဘယ်သူမှလည်း ရန်မဖြစ်ရဲကြပါ။ သူသည် မာနမကြီးတတ်ပါ။ သူ့တွင်ရှိလျှင် လူတကာအား ပေး ကမ်းတတ်ပါသည်။ ကျွန်မကိုလည်း အစ်မတစ်ယောက် လို ကျော်ကျော်က ချွဲတတ်ပါသည်။ စာကြည့်တိုက်သို့ သွားပြီး ပုံပြင်စာအုပ်များကို ကျွန်မက ငှား၍ သူ့အား ဖတ်ပြရပါသည်။ သူ့အိမ်ကိုလည်း မကြာခဏလာခေါ် တတ်ပြီး တီဗွီဂိမ်းနှိပ်ကစားကြပါသည်။

မေမေကတော့ ကျော်ကျော်လေးအတွက် ရင် လေးစရာကောင်းသည်ဟု မကြာခဏပြောတတ်ပါ သည်။ ကျော်ကျော်သည် လိုချင်တာကို ရအောင် တောင်းပြီး တန်ဖိုးမထားတတ်သေးပါ။ ကစားစရာ၊ စား စရာ၊ ဝတ်စရာများကိုလည်း စည်းကမ်းနှင့် မထားတတ် ပါ။ သူ့ပစ်ထားခဲ့လျှင် သိမ်းသူများက အဆင်သင့်ရှိနေ ပေရာ သူ့တွင် စည်းကမ်းဟူသည် မရှိပါ။ သူသည် အစားကိုလည်း ဟုတ်တိပတ်တိမစား၊ စာကိုလည်း

mgyoe.com

mgyoe.com


ဟုတ်တိပတ်တိမကျက်။ မည်သူကမှလည်း သူ့ကို မဆုံးမရဲပါ။ သူ့မေမေက ကြိုက်မည်မဟုတ်၍ဖြစ်ပါသည်။ သို့သော် ကျော်ကျော်သည် မလိမ်တတ်၊ မညာတတ်၊ ရန်မဖြစ်တတ်ပါ။ ငိုလည်းမငိုတတ်ဘူးဟု ကျွန်မထင်ပါသည်။ သူငိုတာလည်း ကျွန်မ မတွေ့ဖူးပါ။ ကျော်ကျော်သည် အမြဲရယ်မောပျော်ရွှင်နေသော ချစ်စရာကလေးတစ်ဦးဖြစ်ပါသည်။ ကျွန်မ ကျော်ကျော့်ကို ချစ်ပါသည်။

သည်လိုနှင့် ယခုနှစ်စ ကျောင်းတွေဖွင့်သောအခါ ကျော်ကျော့်ကို ကျွန်မ ကျောင်းတွင်သွားရှာပါသည်။ ကျောင်းဖွင့်ပြီး တစ်ပတ်ခန့်အထိ သူ့ကို ရှာမတွေ့ပါ။ ညနေကျောင်းဆင်းချိန်၌လည်း သူ့ကိုလာကြိုသောကားကို မတွေ့ရပါ။ ကျောင်းဖွင့်ပြီး ဆယ်ရက်ခန့်ကြာတော့မှ ကျော်ကျော့်ကို တွေ့ရပါသည်။ သူသည် ယခင်ကျော်ကျော်နှင့် လုံးဝမတူသော ကလေးငယ်တစ်ဦး ဖြစ်နေပါသည်။ အစဉ်သွက်လက်နေသော ကျော်ကျော်သည် တည်တည်ငြိမ်ငြိမ်ဖြစ်နေပါသည်။

ကျွန်မ သူ့ကို မေးကြည့်သောအခါ သူ ကျောင်းသို့ ကားကြုံဖြင့် လိုက်လာသည်ဟု ပြောပါသည်။ သူ့မေမေ နေမကောင်း၍ ကျွန်မမေမေကို လွှတ်ပေးပါဦးဟု ပြောပါသည်။ ထိုနေ့ မေမေပြန်လာတော့ စိတ်မကောင်းစရာကြားရပါသည်။ ကျော်ကျော့်ဖေဖေ အလုပ်တွင် ပြဿနာဖြစ်ပြီး ပိုက်ဆံများ လျော်ရသည်။ ထောင်လည်းကျသွားသည်ဟု ဆိုပါသည်။ ကျော်ကျော့်မေမေလည်း နှလုံးရောဂါဖြင့်လဲနေပြီး သူတို့အိမ်တွင် ပစ္စည်းတွေပင် မရှိတော့ဟု မေမေက ပြောပြပြီး ကျော်ကျော်လေးကို ချီးမွမ်းခဲ့ပါသည်။

mgyoe.com

mgyoe.com


ကျော်ကျော်သည် ပြောင်းလဲသွားသော အခြေအနေအပေါ်တွင် ခံနိုင်ရည်ရှိကြောင်း၊ သူ့ဖေမေကို သူက ဖျောင်းဖျကြောင်း၊ အစားအသောက် အနေအထိုင်မှစ၍ ပြောင်းလဲသွားကြောင်း မေမေက ပြောပါသည်။ မိဘ အလိုလိုက်ထားသော ကလေးတစ်ယောက် ဤအခြေအနေမျိုးကို ရင်ဆိုင်နိုင်စွမ်းသည်မှာ အံ့သြချီးကျူးဖွယ်ရာဟု မေမေက ပြောပါသည်။

ကျွန်မ ကျော်ကျော်နှင့် တွေ့သောအခါ 'သားအတွက် ဘာမှမပူပါနဲ့မမ။ မေမေနေကောင်းပြီး၊ ဖေဖေ မြန်မြန်ပြန်လာတာပဲ သားလိုချင်ပါတယ်'ဟု ပြောရှာပါသည်။ ကျော်ကျော်၏ဒေါ်လေးက ကျော်ကျော့်အိမ်တွင် သူ့မေမေအား မည်သို့ဂရုစိုက်ကြောင်း၊ အစားအသောက် မည်သို့ချွေတာကြောင်း၊ ယခင်ကနှင့်မတူ စာကို အထူးကျက်ဖတ်ကြောင်း၊ ကလေးကို ကြည့်၍ မျက်ရည်လည်ရကြောင်း ပြောပါသည်။ ကျွန်မ ကျော်ကျော့်ကိုကြည့်ကာ သင်ခန်းစာတွေရခဲ့ပါသည်။ မည်သည့်အရာမျှ မတည်မြဲသော လောကကြီးတွင် ပြောင်းလဲလာသော အခြေအနေအား တည်ငြိမ်စွာ ရင်ဆိုင်သွားတတ်ရန် ကျော်ကျော်က ကျွန်မကို သင်ကြားပြသခဲ့ပါသည်။ ကျွန်မ ကျော်ကျော်လေးကို ပို၍ချစ်သွားရပါသည်။

●

mgyoe.com

mgyoe.com

## အနှစ်ချုပ်

ပတ်ဝန်းကျင်ရှိ ကလေးတစ်ဦးကို မျက်လုံးထဲ၌ ပေါ်အောင်စဉ်းစားကြည့်ပါ။တစ်စုံတစ်ရာသော သင်ခန်းစာပေးနိုင်သည့် ကလေးတစ်ဦးကို တွေ့ရလျှင် ဤစာစီစာကုံးကို ရွေးချယ်ရေးသားပါ။

စီကာပတ်ကုံးရေးသားသောအခါ ရေးစရာတွေ အများကြီးရှိလာသည်ကို တွေ့ရပါလိမ့်မည်။

ထိုကလေးငယ်၏ ချစ်စရာကောင်းပုံကို သူ၏ အလှအပဖြင့် သရုပ်ဖော်ခြင်းသည် မပီပြင်ပါ။ သူ၏ လုပ်ရပ်တစ်ခုဖြင့် သရုပ်ဖော်မည်ဆိုပါကလည်း လုပ်ရေးသော လုပ်ရပ်မဖြစ်သင့်ပါ။

ဖတ်သူကို ရသတစ်စုံတစ်ရာပေးနိုင်ပြီး မိမိကဲ့သို့ပင် ထိုကလေးငယ်အား ချစ်ခင်လာအောင် ရေးသားပေးရပါမည်။

နမူနာပြထားသော ကလေးငယ်ကို ချစ်သွားမိပါသလား။ မိမိပတ်ဝန်းကျင်၌ ချစ်စရာကလေးငယ် တစ်ဦး ရှိကို ရှိနေပါလိမ့်မည်။ တွေ့အောင်ရှာ၍ ရေးကြည့်ပါ။

mgyoe.com

mgyoe.com

## စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက်

၂၀၀၂ ရခိုင်

ကျွန်တော်တို့မိသားစု မန္တလေးမှ မင်းကွန်းသို့ သွားခဲ့သည့် ခရီးတစ်ခေါက်သည် ကျွန်တော့်အတွက် စိတ်ဝင်စားဖွယ် ဗဟုသုတရဖွယ်များကို ပေးခဲ့ပါသည်။ ထိုခရီးကို ကျွန်တော် ဘယ်သောအခါမျှ မမေ့ပါ။

မန္တလေးမှ ကန်တော်ကြီးပတ်လမ်းအတိုင်း ကျွန်တော်တို့ ထွက်ခဲ့ကြပါသည်။ ထိုလမ်းမှာ မြို့ရှောင်လမ်းဖြစ်၍ ကားရှင်းပါသည်။ ရွှေကြက်ယက်စေတီအနီးမှ မန္တလေး–စစ်ကိုင်း ကားလမ်းမကြီးဆီသို့ ပြန်ထွက်ရပါသည်။ ကျွန်တော်တို့ ကားလေးသည် တံတားဖြူအလွန်နားတွင် ခေတ္တရပ်နားပါသည်။ ထိုနေရာမှ မျှော်ကြည့်လျှင် မြေပဲစိုက်ခင်းများနှင့် ဘဲအုပ်ကြီးများကို တွေ့ရပါသည်။

ဧရာဝတီမြစ်ရေကျပြီး ပေါ်လာသော နုံးတင်မြေနုတွင် မြေပဲစိုက်ရန် ပြင်ဆင်နေကြလေပြီ။ တဲကလေးတွေထိုး၍ မိသားစုအလိုက် လုပ်ငန်းလာလုပ်ကြခြင်းဖြစ်သည်ဟု ဖေဖေက ရှင်းပြပါသည်။ ရေကျသွားသည်နှင့် ဤနေရာတစ်ဝိုက်တွင် အင်းတွေဖြစ်၍ ကျန်ခဲ့သည်။ ထိုအင်းတွေကို လေလံဆွဲရသည်။ အင်းငါးများကို လေလံရသူက ပိုင်သည်ဟု ဆိုပါသည်။

ဘဲခြံများတွင် ဘဲအုပ်အကောင် နှစ်ထောင်ကျော်သည်ဟု သိရပါသည်။ ဘဲများမှာ ဥစားဘဲများဖြစ်သည်။

mgyoe.com

mgyoe.com

အိုသွားလျှင် ဟိုတယ်များသို့သွင်းရသည်ဟုဆိုပါသည်။ ထိုနေရာမှ ဆက်သွားလျှင် ရွှေကြက်ယက်သစ် ကွင်းသို့ ရောက်မည်။ သစ်ကွင်းမရောက်မီတွင် တန်းစီဆိုက်ကပ်ထားသော မော်တော်များ၊ လှေများ၊ လှေတွဲများကို တွေ့ရသည်။

ကျွန်တော်တို့သည် လှေတွဲများဆီသို့ ဆင်း၍ ကြည့်ကြပါသည်။ ကျွန်တော့်မေမေက ဝါသနာအတိုင်း သတင်းယူ၍ မေးခွန်းတွေ ထုတ်ပါတော့သည်။ လှေများတွင် ဝါးကိုတွဲထားပြီး အထက်ဖက်မှ သစ်များကို သယ်ချလာသော အုပ်စုတွေဖြစ်ကြောင်း သိရပါသည်။ ဤနေရာကို သပ်ကွင်းဟုခေါ်သည်ဟုဆိုပါသည်။ သစ်တွေမရှိတော့ပါ။ ရွှေကြက်ယက်သစ်ကွင်းတွင် ချထားခဲ့ပြီးပြီဟု ဆိုပါသည်။

လှေသမားတစ်ဦးက လှေတွဲတစ်တွဲလျှင် သစ်တန် ၇၀ အထိ ဆွဲနိုင်သည်။ လှေနှစ်စီးတွဲ (ဖလက်) က သစ်တန် ၁၅၀ အထိဆွဲနိုင်သည်။ မော်တော်များက ပုဂ္ဂလိကပိုင်ဖြစ်သည်။ သစ်တွေကတော့ ကုမ္ပဏီပိုင်ရော၊ နိုင်ငံတော်ပိုင်ရောဖြစ်သည်ဟု ဆိုပါသည်။

ကသာ၊ ဗန်းမော်ဘက်မှသစ်များ သယ်ချရာတွင် ဧရာဝတီ၏ ရေအနည်းအများပေါ်၌ အချိန်ကြာသည်။ ရေများချိန်တွင် ကသာမှ ရွှေကြက်ယက်အထိ ၁၀ ရက်၊ ရေနည်းချိန်တွင် ၁ လခန့်ကြာသည်ဟု သိရပါသည်။ ကျွန်တော်တို့ ရွှေကြက်ယက်သစ်ကွင်းသို့ ဆက်၍ သွားကြပါသည်။ ကျွန်တော်တို့သည် ကမ်းစပ်တွင် ချထားသော သစ်လုံးကြီးများပေါ်သို့တက်၍ ကြည့်ကြပါသည်။ ထိုသစ်လုံးကြီးများသည် ကသာ၊ ဗန်းမော် သစ်တောကြိုးဝိုင်းများမှ ခုတ်မျှောလာသော သစ်များဖြစ်

mgyoe.com

mgyoe.com
သဖြင့် ထိုကြိုးဝိုင်းများသို့ သွားရောက်ကြည့်ချင်မိပါသည်။

ထိုသစ်တောကြိုးဝိုင်းများတွင် ဧရိယာလိုက် အကွက်လိုက် ကုမ္ပဏီကြီးများက လေလံဆွဲပြီး သစ်တွေဝယ်ကြသည်။ သတ်မှတ်ထားသောနှစ်အတွင်း ကုန်စင်အောင် ခုတ်ကြရသည့်သစ်များကို ဧရာဝတီမှ မျှောချသည်။ ရွှေကြက်ယက်သစ်ကွင်းတွင် တစ်ထောက်နားသည်။ ထိုနေရာတွင် ဆယ်ဘီး ဆယ့်နှစ်ဘီးကားကြီးများဖြင့် သစ်များကို သယ်ယူ၍ ဆိုင်ရာဆိုင်ရာသို့ ရောင်းချကြသည်ဟု သိရပါသည်။

သစ်တင်နေသော ကားကြီးတစ်စီးကို တွေ့ရပါသည်။ သစ်များကို ရန်ကုန်သို့ သယ်သွားမည်ဖြစ်ပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချမည်ဟု ပြောပြပါသည်။ ကုမ္ပဏီသည် သစ်ကွက်များမှ သစ်များကို သယ်ယူရန် လှေဆွဲမှူးများနှင့် ဆက်သွယ်ကြပြီး အခကြေးငွေဖြင့် ငှားရမ်းသည်။ ဆွဲမော်တော်တစ်စီးလျှင် လှေတွဲ ဆယ်စီးမက သစ်တန်တစ်ထောင်ဝန်းကျင် ဆွဲလာနိုင်သည်ဟုလည်း ပြောပြပါသည်။

ကျွန်တော်သည် သစ်များကိုကြည့်၍ နှမြောသကဲ့သို့ ဖြစ်လာပါသည်။ သစ်များကိုဤသို့ ခုတ်ယူသုံးစွဲရောင်းချနေပါလျှင် ကုန်ခန်းသွားနိုင်မည်လားဟု တွေးမိပါသည်။ ကျွန်တော်သည် မေမေ့ထံသို့ ချဉ်းကပ်၍ ကျွန်တော်၏ စိုးရိမ်စိတ်ကို မေးခွန်းထုတ်လိုက်မိပါသည်။ မေမေက ကျွန်တော့်အား စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါသည်။

မြန်မာနိုင်ငံသည် သယံဇာတပစ္စည်းပေါများကြွယ်ဝသော နိုင်ငံဖြစ်၍ ကျွန်းသစ်နှင့် သစ်မာမျိုးစုံတို့
mgyoe.com

mgyoe.com

သည် မြန်မာနိုင်ငံ၏ သယံဇာတများဖြစ်သည်ဟု ဆိုပါသည်။ မြန်မာ့ကျွန်းသစ်၏ အဖိုးတန်မှုကို ၁၆ ရာစု အစောပိုင်းကာလကတည်းက ကမ္ဘာက သိရှိထားပြီးဖြစ်သည်။ အာရှသည် ကျွန်းသစ်အထွက် အများဆုံးဒေသဖြစ်ပြီး အာရှကျွန်းသစ်၏ ၈၅ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှ ထွက်ရှိခြင်းဖြစ်သည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင် သစ်ပင်သစ်တောကြီးများအားလုံး၏ ၁၂ ရာခိုင်နှုန်းသည် ကျွန်းသစ်တောများဖြစ်သည်ဟုလည်း ဆိုပါသည်။ နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံကို သုံးကြိမ်တိုင်တိုင် ကျူးကျော်စစ်ဖြစ် နိုင်ငံသိမ်းယူသည့် အကြောင်းရင်းများတွင် မြန်မာ့ကျွန်းသစ်တောကြီးများပိုင်ဆိုင်လိုမှုသည် အဓိကဖြစ်ခဲ့သည်ဟုလည်း ဆိုပါသည်။

နယ်ချဲ့တို့သည် ကိုလိုနီခေတ်တစ်လျှောက် မြန်မာ့ကျွန်းတောကြီးများကို ၎င်းတို့ကုမ္ပဏီများအား စိုးမိုးချယ်လှယ်ခွင့်ပေးခဲ့ပြီး အကျိုးအမြတ်များ ဝါးမျိုခဲ့ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်အခါကျမှ နိုင်ငံတော်က သစ်တောကြီးများကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရသည်။ ရေရှည်တည်တံ့အောင် ပြုစုပျိုးထောင်ခဲ့ကြရသည်ဟု ဆိုပါသည်။

မြန်မာ့သစ်တောကြီးများမှ သစ်များကို ခေတ်အဆက်ဆက်မှ ယနေ့တိုင် နှစ်စဉ်ထုတ်လုပ်သုံးစွဲလျက်ရှိနေသော်လည်း မကုန်ခန်းနိုင်ပါဟု မေမေက ပြောပြပါသည်။ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ကျွန်းသစ်တန်ချိန် ၃ သိန်းနှင့် အခြားသစ်မျိုးစုံ တန်ချိန် ၁၁ သိန်း စုစုပေါင်း သစ်တန် ၁၄ သိန်း ထုတ်လုပ်နိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၅ ကျော်ရရှိ

mgyoe.com

mgyoe.com


ခဲ့သည်ဟုလည်း မေမေက ပြောပြပါသည်။

မေမေ၏ မှတ်တမ်းမှတ်ရာများကို ကြည့်ပြီး ကျွန်တော် မေမေ့ကို လေးစားခဲ့ရပါသည်။ မေမေက ခရီးတစ်ခေါက်ထွက်လျှင် လေ့လာစရာ စိတ်ဝင်စားဖွယ်ရာများကို ရှာဖွေမှတ်တမ်းတင်ထားတတ်ပါတယ်။ သည်တစ်ခေါက်မှာတော့ မေမေ့စာအုပ်ထဲမှာ သစ်တွေဖြစ်နေပါသည်။ ကျွန်တော့် ရင်ထဲတွင်လည်း သစ်တောကြီးဝိုင်းကြီးများကို တန်ဖိုးထား မြတ်နိုးစိတ်တွေ တဖွားဖွားဖြစ်လာခဲ့ရပါသည်။

ကျွန်တော်တို့ မင်းကွန်းသို့ ရောက်သွားကြပါသည်။ မင်းကွန်းတွင် မေမေ၏ တပည့်တစ်ဦးက သစ်စက်လုပ်ငန်းလုပ်ကိုင်ပါသည်။ ကျွန်တော်တို့ သစ်လုံးကြီးများ ခွဲပုံ စိတ်ပုံကို ကြည့်ကြပါသည်။ သစ်လုံးကြီးများသည် အရွယ်အစား အမျိုးမျိုးသောသစ်များ ဖြစ်သွားကြသည်ကို တွေ့ရပါသည်။ အချို့ကား အိမ်ဆောက်၊ အချို့ကား ကျောင်းဆောက်၊ အချို့ကား သင်္ဘောကြီးတွေဆောက်၊ သစ်မရောက်သော နေရာဟူ၍မရှိ။ အိမ်ရှေ့ဧည့်ခန်းမှသည် အိမ်နောက်ဖေး ဘူးစင်အထိ သစ်မပါလျှင် မပြီးပါ။

သစ်တို့၏ မူရင်းမှ သစ်တို့၏ ထောက်နားရာ၊ သစ်တို့ ခွဲစိတ်ခြမ်းဖြာရာ၊ သစ်တို့၏ လားရာကို လေ့လာမှတ်သား တွေ့မြင်သုတပွားခဲ့ရသည့် ဤခရီးစဉ်သည်ကား ကျွန်တော့်ဘဝ၏ စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက်အဖြစ် မှတ်တမ်းဝင်သွားခဲ့ရပြီ ဖြစ်ပါသတည်း။

●

mgyoe.com

mgyoe.com

အနှစ်ချုပ်

ဤစာစီစာကုံးသည် အလွန်ရေးသားရန်ကောင်းသော အမျိုးအစားဖြစ်ပါသည်။ ခရီးထွက်ဖူးသူတိုင်း ရေးသားနိုင်ပါသည်။

မိမိခရီးတွင် တွေ့ခဲ့ရသည်များကို စီကာစဉ်ကာ ရေးသားရပါမည်။ ဘာတွေရခဲ့သနည်းဆိုသည်မှာ အရေးကြီးပါသည်။

သမားရိုးကျခရီးထက် ထူးခြား၍ အများအတွက်ပါ ဗဟုသုတပေးနိုင်သော ခရီးမျိုးဖြစ်လျှင် ပို၍ကောင်းပါသည်။

ကျောင်းသားများအနေဖြင့် ဤစာစီစာကုံးမျိုးကို ရေးတတ်ရန် မိမိသွားလာသည့်နေရာတိုင်းအား သတိပြု မှတ်သားလေ့လာ ကျင့်မွေးဖို့လိုပါသည်။

ခရီးထွက်လျှင် စာအုပ်အမြဲဆောင်ပါ၊ မှတ်သားပါ။ လေ့လာပါ၊ မေးမြန်းပါ၊ မြင်အောင်ကြည့်ပါ၊ အတုယူပါ၊ သင်ခန်းစာရှာပါ။ စာစီစာကုံးရေးသားခြင်းသည် အတွေ့အကြုံများသူတို့အတွက် ခဲယဉ်းသည့်အလုပ် မဟုတ်ပါ။

ဗဟုသုတ ရှာမှီးတတ်ပါစေ။

mgyoe.com

mgyoe.com

## ကျွန်ုပ်အနှစ်သက်ဆုံး ရုပ်ရှင်တစ်ကား

၂၀၀၅
၂၀၀၄ ရခိုင်

ကျွန်တော် အနှစ်သက်ဆုံး ရုပ်ရှင်တစ်ကားကို ဖော်ပြပါဆိုလျှင် ကျွန်တော့်မျက်လုံးတွင် မြင်လာသည်မှာ ရေခဲတောင်ကြီးများဖြစ်ပါသည်။ ထိုရုပ်ရှင်ကားကြီး၏အမည်မှာ လျှို့ဝှက်သောနှင်းဖြစ်ပါသည်။ ကျွန်တော် နှစ်ခါပြန်ကြည့်၍မဝသော တန်ဖိုးရှိလှသော ရုပ်ရှင်ကား တစ်ကားဖြစ်သည်ဟု ဆိုချင်ပါသည်။

လျှို့ဝှက်သောနှင်းမှာ စာရေးဆရာမဂျူး၏ ကြယ်စင်တံတား... ကို ဒါရိုက်တာစင်ရော်မောင်မောင်က ရိုက်ကူးထားသော ရုပ်ရှင်ဖြစ်သည်။ ကချင်ပြည်နယ် ဖုန်ကန်ရာဇီရေခဲတောင်ကြီးကို ကျွန်တော်တို့ ထူးခြားစွာ မြင်တွေ့ခဲ့ရသည်။ ကျွန်တော်တို့နိုင်ငံ၏ တိုင်းရင်းသား ကချင်လူမျိုးတို့၏ ချစ်ခင်ဖွယ်ကောင်းလှသော စရိုက်များကို သိရှိခွင့်ရခဲ့သည်။ ထို့အပြင် ထိုရုပ်ရှင်ကားကြီးမှာ ထူးထူးခြားခြား အင်္ဂလိပ်စာတန်းထိုး မြန်မာရုပ်ရှင်ကားကြီးဖြစ်သည်။ ပို၍ဂုဏ်ယူဖွယ်ကောင်းသည်မှာ ထိုရုပ်ရှင်ကားကြီးကို စင်ကာပူ–မြန်မာ ရုပ်ရှင်ပွဲတော်၊ တောင်ကိုရီးယား ကွမ်းကျိုးရုပ်ရှင်ပွဲတော်နှင့် တရုတ်နိုင်ငံ ရွှေကြက်ဖရုပ်ရှင်ပွဲတော်များတွင် ပြသနိုင်ခဲ့သည်ဟု ဆိုပါသည်။

ကျွန်တော်သည် လျှို့ဝှက်သောနှင်းမှ သရုပ်

mgyoe.com

mgyoe.com

ဆောင် လူမင်းနှင့် လွင်မိုးတို့ကို အထူးသဘောကျခဲ့ပါသည်။ ကျွန်တော်တို့လူငယ်များသည် လျှို့ဝှက်ထားသောအရာကို မတွေ့တွေ့အောင်ရှာဖွေလိုစိတ် ပြင်းထန်ကြပါသည်။ ဖခင်ကွယ်လွန်ပုံကို မရရအောင် စုံစမ်းရှာဖွေလိုသော လွင်မိုး၏စရိုက်ကို နှစ်ခြိုက်မိသကဲ့သို့ ဖခင်ကိုထိလျှင် မချိအောင်နာတတ်သော ကချင်တိုင်းရင်းသားလူမင်း၏ အသွင်ကိုလည်း အထူးသဘောကျမိပါသည်။ ကျွန်တော်သဘောအကျဆုံးကတော့ မင်းသားကြီးညွန့်ဝင်းဖြစ်ပါသည်။ သူသည် ကိုယ်ချင်းစာစိတ်ရှိပြီး လူငယ်တို့၏ နှလုံးသားကို ထွင်းဖောက်မြင်နိုင်သော လူကြီးတစ်ယောက်အဖြစ် ပီပြင်စွာ သရုပ်ဆောင်သွားခဲ့ပါသည်။

ရုပ်ရှင်ကားကြီးမှာ အမှန်တကယ်ပင် နှင်းရေခဲတောင်ကြီးထဲမှ လျှို့ဝှက်ချက်ကို စိတ်ဝင်စားဖွယ် ရှာဖွေရိုက်ကူးကြခဲ့သော မြန်မာ့ရုပ်ရှင်ကားများထဲမှ ထူးခြားစွာ ခွဲထွက်လာသည့် အနုပညာ၊ အတတ်ပညာများ စုစည်းဖော်ထုတ်ရာ စွယ်စုံကျမ်းကြီးနှယ်ဖြစ်ပါသည်။ ကျွန်တော် နားမလည်သောအကြောင်းများကို ကျွန်တော်နှင့်အတူ ရုပ်ရှင်ကြည့်နေသော ဖေဖေက ရှင်းပြပါသည်။ ထိုဇာတ်ကားကို ထူးခြားစွာ ရေးသားခဲ့သော မူရင်းဝတ္ထုစာရေးဆရာမဂျူးကို ဖေဖေက ဦးစွာချီးကျူးခဲ့ပါသည်။ ဆန်းသစ်သောအတွေးဖြင့် စေ့စေ့စပ်စပ်သွားရောက်လေ့လာ ရေးသားခဲ့သည်ဟုလည်း ပြောပြပါသည်။

ဆရာမ၏ လက်ရာကို ဇာတ်ညွှန်းအဖြစ် ဖန်တီးသူက ငြိမ်းမင်းဖြစ်ပါသည်။ ဇာတ်ညွှန်းဆိုသည်မှာ ဝတ္ထုနှင့် မတူပါ။ အချိတ်အဆက်မိအောင် စကားလုံးများ

mgyoe.com

mgyoe.com

ပြကွက်များကို ရွေးချယ်ဖန်တီးပေးရသူ ဖြစ်သည်ဟု ဖေဖေက ပြောပါသည်။ ဝတ္ထုဘယ်လောက်ကောင်းကောင်း ဇာတ်ညွှန်းမကောင်းလျှင် ရုပ်ရှင်ကားကောင်း ဖြစ်မလာနိုင်ဟု ဆိုပါသည်။ လျှို့ဝှက်သောနှင်းမှာ တစ်ခန်းနှင့် တစ်ခန်း စိတ်ဝင်စားဖွယ် ဆက်စပ်ရိုက်ကူး ထားသည်ကို တွေ့ရပါသည်။

ထို့အတူ ဇာတ်ကားတစ်ကားကို ရိုက်ကူးသည့် အခါ အစီအစဉ်အလိုက် ရိုက်၍မရ။ ရသည့်အခန်းများ ကို ရိုက်ပြီးမှ အားလုံးကို တည်းဖြတ်ဆက်စပ်ပေးရသည် ဟု ဖေဖေက ပြောပြပါသည်။ ရှေ့နှင့်နောက် ကိုက်ညီ အောင် အပိုပါသွားသော ရိုက်ကွက်များကို ဖယ်ရှား၍ ဇာတ်ကားကောင်းတစ်ခုအဖြစ် ဖန်တီးရသော အတတ် ပညာမှာ တည်းဖြတ်သူ၏ အစွမ်းဖြစ်ကြောင်း ဖေဖေက ရှင်းပြပါသည်။ လျှို့ဝှက်သောနှင်းကို တည်းဖြတ်သူ အား ကျွန်တော် အလွန်လေးစားခဲ့မိပါသည်။

ကျွန်တော်သည် ရုပ်ရှင်ကားများကို ကြည့်ရှုလေ့ ရှိပါသည်။ ကျောင်းပိတ်ရက်တွင် ဖေဖေနှင့် မေမေတို့ က လိုက်ပြတတ်ပါသည်။ အချို့ဇာတ်ကားများကို ကြိုက်၍ အချို့ဇာတ်ကားများကို မကြိုက်ပါ။ အချို့ ဇာတ်ကားများမှာ အသံများလုံးနေပြီး ကောင်းကောင်း နားမလည်သည်လည်းရှိပါသည်။ လျှို့ဝှက်သောနှင်းမှာ မူ အသံအလွန်ကောင်းပါသည်။ အသံပီသပါသည်။ နောက်ခံအသံများမှာလည်း စိတ်ဝင်စားဖွယ် အလွန် ကောင်းပါသည်။ ခံစားမှုနှင့် လိုက်ဖက်သော အသံကို ထည့်သွင်းထားခြင်းဖြင့် ပရိသတ်ကို ပိုမိုဖမ်းစားနိုင်သည် ဟု ဆိုရပါမည်။ နှင်းတွေ၊ ရေခဲတွေကြားတွင် ရိုက်ကူး ထားသော ရုပ်ရှင်ကားကြီး၏ အသံကြည်လင်ပုံက ယုံ

mgyoe.com